# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၆၃)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၃၁-၁-၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်သူများအား နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချုတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲဒေသနှင့် နောင်ချိုမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နှင့် မလှိုင်မြို့နယ်ဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့ ★

## ယနေ့ ဖတ်စရာ


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

တံတားဦးမြို့နယ်၌ ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

စာမျက်နှာ ၆

ဂျိမ်းစ်ဝဲဘ်ပရောက်စ်အား အငှားစာချုပ်ဖြင့် ဘန်လေအသင်းခေါ်ယူ

စာမျက်နှာ ၁၁


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၃၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၃၀

| | | |
|---|---|---|
| ဟားခါး | ၁ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၇ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ စနေနေ့။

မန္တလေး

## ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေး Online မှ ဝယ်ယူခြင်းစနစ်ဖြင့် ရှေ့ပြေးစမ်းသပ်မှုစတင်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ရထားလက်မှတ်များကို Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment System ORTP) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ပေးလျက်ရှိသည်။

အဆိုပါစနစ် ရှေ့ပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project) အဖြစ် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ဖေဖော်ဝါရီ ၇ ရက်တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်/(၁၂) အစုန် (ရန်ကုန်-မန္တလေး-ရန်ကုန်)လူစီးအမြန်ရထား၊ အမှတ်(၇)အဆန်/(၈) အစုန် (ရန်ကုန်-နေပြည်တော်- ရန်ကုန်) DEMU အမြန်ရထား၊ အမှတ်(၃၁)အဆန်/(၃၂)အစုန်(ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇) အဆန်/(၂၈) အစုန် (မန္တလေး-နေပြည်တော်-မန္တလေး)လူစီးအမြန်ရထားခရီးစဉ်များ၏ ရထားလက်မှတ်များကို ယခုလာမည့် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ORTP စနစ်ဖြင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ လူစီးအမြန်ရထားများ စီးနင်းလိုက်ပါရန် လက်မှတ်များ ဝယ်ယူရာတွင် ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခုနစ်ရက်ကြိုတင်၍လည်းကောင်း၊ ကြားဘူတာများမှ စီးနင်းလိုက်ပါလိုပါက သုံးရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ပြီး ရထားထွက်ခွာဆိုက်ရောက်ချိန်များ၊ ရပ်တန့်ဘူတာများ၊ လက်မှတ်ခန့်မှန်းထားများမှာ ယခင်အတိုင်းဖြစ်သည်။

အဆိုပါ စနစ်ကို အသုံးပြုမည်ဆိုပါက မိမိအသုံးပြုလိုသည့် Browser တစ်ခုခုကိုဖွင့်ပြီး ortp.railways.gov.mm ဆိုသည့် Link အား ရိုက်နှိပ်၍ စနစ်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် စနစ်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ပြုလုပ်ထားသော QR Code ကို မိမိလက်ကိုင်ဖုန်းဖြင့် Scan ဖတ်၍လည်း ဝင်ရောက်နိုင်သည်။ စနစ်အား အသုံးပြုပုံ အဆင့်ဆင့် အသိပညာပေးခြင်းအစီအစဉ်နှင့် စနစ်သို့ ဝင်ရောက်နိုင်သည့် Link နှင့် QR Code တို့ကို မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင် သတင်းစာများ၊ မြန်မာ့မီးရထား Website နှင့် ဘူတာရုံအသီးသီးတို့တွင် ကြေညာအသိပေးထားပြီးဖြစ်သည်။

ခရီးသွားပြည်သူများအနေဖြင့် Online မှ လက်မှတ်များဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာရှိပါကလည်း သက်ဆိုင်ရာဘူတာရုံ၊ လက်မှတ်ရုံများသို့ လာရောက်၍လည်း အဆိုပါစနစ်အသုံးပြုပြီး ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားသည်။ ORTP စနစ်ဖြင့် လက်မှတ်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မြန်မာ့မီးရထား၏ Hotline ဖုန်းအမှတ်-၁၁၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေး Online မှ ဝယ်ယူနိုင်ရန်စီစဉ်ဆောင်ရွက်ပေးခြင်းအပါအဝင် ရထားစီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများဖြည့်တင်း/ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းနှင့် ရထားတွဲဆိုင်းများ ပြေးဆွဲပေးနိုင်ခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သီပေါလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်မှ (၁၄)ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်-

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊
(၂) ပန်းအလှပင်ပြိုင်ပွဲ၊
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ၊
(၄) အရွက်အလှပင်ပြိုင်ပွဲ၊
(၅) ရွက်လှပင်ပြိုင်ပွဲ၊
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ၊
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)၊
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ၊
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)၊
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)၊
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)၊
(၁၉) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊
(၂၂) ဟင်းသီး အသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ၊

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက် ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၁ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၂၀၀၁၀၄၉၊ ၀၉-၂၀၃၅၂၇၄၊ ၀၉-၂၀၁၉၃၉၅)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာ၌ စိုက်ပျိုးထားသော ခရမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် နေ့စဉ်ဝင်ငွေရသည့် ကာလတိုသီးနှံများဖြစ်သော ခရမ်း၊ ရုံးပတီ၊ ကန်စွန်း၊ ဆလတ်၊ ဆူးပန်း၊ နံနံ၊ မုန်ညင်း စသည့် ဟင်းသီးဟင်းရွက်များကို တစ်နိုင်တစ်ပိုင် ပိုမိုစိုက်ပျိုးလာပြီး အင်းကုန်းကျေးရွာ၌ စိုက်ပျိုးထားသော ခရမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကာလရှည်သီးနှံများဖြစ်သည့် စပါး၊ ကြက်သွန်၊ ငှက်ပျော၊ ငရုတ် စသည့် သီးနှံများ စိုက်ပျိုးရာတွင် လုပ်သားရှားပါးမှု အခက်အခဲနှင့် သွင်းအားစုများ ပိုမိုသုံးစွဲရသည့်အတွက် တောင်သူများအနေဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေရသည့် ကာလတိုသီးနှံများ တစ်နိုင်တစ်ပိုင် ပိုမိုစိုက်ပျိုးလာကြောင်းနှင့် ခရမ်းသီးနှံစိုက်ပျိုးရာ၌ အပင်သေပျောက်မှု မရှိစေရန်အတွက် မျိုးစေ့များကို ဦးစွာပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ရေကြိုက်နှစ်သက်သည့်အတွက် ရေသွင်းလွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ပြီး တစ်ပင်နှင့်တစ်ပင် လေးပေခန့်အကွာ စိုက်ပျိုးကြကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ ပိုးနှင်ဆေး၊ အပင်အားတိုးဆေး ဖျန်းခြင်းများ ဆောင်ရွက်ပေးရကြောင်း ခရမ်းစိုက်တောင်သူ ဦးမြင့်ထွန်းက ပြောသည်။

ခရမ်းသီးနှံသည် စိုက်ပျိုးပြီး ၄၅ ရက်တွင် စတင်ခူးဆွတ်ရပြီး အသီးလှိုင်ချိန်တွင် တစ်ရက်ခြား ခူးဆွတ်ရကြောင်း၊ အပင်အပြုအစုကောင်းပါက တစ်နှစ်ပတ်လုံးနီးပါး ခူးဆွတ်ရောင်းချရသည့်အတွက် ခရမ်းစိုက်တောင်သူများအနေဖြင့် နေ့စဉ် နီးပါးဝင်ငွေရကြောင်း သိရသည်။ (၄၈၅)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက် ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲတွင် မြန်မာ၏ ဒုတိယအကြော့လျှောက်လဲမှု နောက်ဆုံးရက်၌ မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြား

နေပြည်တော် ဇန်နဝါရီ ၃၀

ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ဒုတိယအကြော့လျှောက်လဲမှု နောက်ဆုံးရက်ကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီ နှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီခွဲ အထိ ပြုလုပ်သည်။



မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြားကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Alina Miron က တရားသူကြီး Gomez ၏ မေးခွန်းကို ဖြေကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူ Ms. Yang Hee Lee ကို မြန်မာနိုင်ငံသို့ ခြောက်ကြိမ်ထက်မနည်း လာရောက်ခွင့်ပြုခဲ့ပြီး ရခိုင်ပြည်နယ်သို့လည်း သွားရောက်ခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် Ms. Yang Hee Lee ၏ ပြောကြားချက်များသည် သံတမန်မဆန်ဘဲ မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံသားများအပေါ် ထိခိုက်စေသဖြင့် မြန်မာနိုင်ငံက ၎င်းအပေါ် ယုံကြည်မှုလျော့ပါးခဲ့ပါကြောင်း၊ ကုလသမဂ္ဂ၏ အချက်အလက်စုံစမ်းရှာဖွေရေးအဖွဲ့ (FFM)ကို ဖွဲ့စည်းသည့် ဆုံးဖြတ်ချက်သည် မဲပေးခြင်း မပြုဘဲဆုံးဖြတ်ခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူဆုံးဖြတ်ခြင်း မဟုတ်ဘဲ မထောက်ခံသည့် (dissociate) နိုင်ငံများ ရှိခဲ့ပါကြောင်း။

FFM နှင့် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးယန္တရား (IIMM) ကို အသိအမှတ်မပြုရခြင်းမှာလည်း လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ သဘောထားကို ရယူခြင်းမရှိဘဲ မြန်မာနိုင်ငံကို ဆန့်ကျင်လျက်ရှိသော ဒေသတွင်းနိုင်ငံများ၏ သဘောတူညီချက်ဖြင့် FFM နှင့် IIMM ကို ဖွဲ့စည်းခဲ့သဖြင့်လည်းကောင်း၊ FFM ၏ လုပ်ငန်းတာဝန်များကို ဖော်ပြရာတွင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည့်ပြစ်မှုများကို စစ်ဆေးရန်ဟု စတင်ကတည်းက ဖော်ပြထားခြင်းသည် ဘက်လိုက်မှုရှိနေသဖြင့်လည်းကောင်း မြန်မာနိုင်ငံက ယုံကြည်မှုပျက်ပြားခြင်းဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂ ကိုယ်စားလှယ်မှာ ၂၀၂၂ ခုနှစ်ကပင် ကုလသမဂ္ဂအဓိကအဖွဲ့အစည်းများတွင် ပါဝင်ဆွေးနွေးခွင့်မရှိခဲ့ပါကြောင်း၊ လူ့အခွင့်အရေး ကောင်စီအနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲသော လုပ်ထုံးလုပ်နည်းများဖြင့် အချက်အလက်များ စုဆောင်းခဲ့သဖြင့် မြန်မာနိုင်ငံက FFM ၏ လုပ်ငန်းစဉ်အပေါ် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိပါကြောင်း၊ Genocide Convention နှင့် ကုလသမဂ္ဂပဋိညာဉ်တွင်လည်း ယင်းသို့သော အဖွဲ့အစည်းများ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုနိုင်သည့် ပြဋ္ဌာန်းချက်မျိုး ဖော်ပြထားခြင်းမရှိပါကြောင်း။

တရားသူကြီး Gomez Robledo ၏ သက်သေခံအချက်အလက်များနှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရာတွင် အငြင်းပွားသည့်နိုင်ငံအချင်းချင်းအကြား အမှန်တရားရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိသည်ဟု ဖော်ပြထားသော်လည်း FFM နှင့် IIMM ကဲ့သို့သော Third party နှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိကြောင်းကို ယင်းအမှုတွင် ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် တရားရုံးအနေဖြင့် Genocide Convention နှင့် ဥပဒေအချက်အလက်များအရ မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်ရန် တာဝန်မရှိသည်ကို တာဝန်ရှိသည်ဟု ဆွဲယူသုံးသပ်ခြင်းမျိုးမပြုသင့်ပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် မြန်မာနိုင်ငံသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အခြားသူများကို အရေးယူသင့်ကြောင်း တင်ပြရာတွင် မြန်မာနိုင်ငံမှ အဓိကတာဝန်ရှိပုဂ္ဂိုလ်ခြောက်ဦးဟူ၍ အမည်တပ်ကာ ယခင်က အစဉ်တစိုက် ဖော်ပြလျှောက်ထားခဲ့သော်လည်း ဂမ်ဘီယာ Agent ၏ နောက်ဆုံးတင်ပြသော တောင်းဆိုချက်တွင် အဆိုပါပုဂ္ဂိုလ်များ၏ အမည်များအား ထည့်သွင်းဖော်ပြခြင်း မပြုတော့သဖြင့် ဂမ်ဘီယာအနေဖြင့် ယင်းစွပ်စွဲပြောဆိုချက်အပေါ် ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်ကြောင်း။

အချက်အလက်များအား စုံစမ်းထောက်လှမ်းရမည့် တာဝန်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ကြားဖြတ်စီမံဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သည့် အစီရင်ခံစာများတွင် တရားစွဲဆိုအရေးယူမှုများအား ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ICOE အဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသားနှစ်ဦး၊ နိုင်ငံတကာ ကျွမ်းကျင်ပုဂ္ဂိုလ်နှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့အစည်းကို ဖွဲ့စည်းသည့် လုပ်ငန်းဖွဲ့စည်းမှုစည်းမျဉ်းများ (TOR) အရ ဘက်လိုက်မှုကင်းရှင်းပြီး FFM ထက်သာလွန်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်း၏ ပဏာမစိစစ်ချက်များအပေါ် ထပ်မံ၍ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ပါကြောင်း၊ ICOE မှ စုဆောင်းသည့် အချက်အလက်များကို စိစစ်ပြီး တရားစွဲဆိုအရေးယူနိုင်ရေးအတွက် CIPB အဖွဲ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါအဖွဲ့အား ARSA၊ ရဲနှင့် အရပ်သားများ၏ ကျူးလွန်သည်ဟု စွပ်စွဲမှုများကို တရားစွဲဆို အရေးယူနိုင်ရေးအတွက် အခွင့်အာဏာပေးထားကြောင်း၊ တပ်မတော်အား တပ်မတော်သားများ ကျူးလွန်သည်ဟု စွပ်စွဲပြောဆိုသော ကျူးလွန်မှုများအပေါ် တပ်မတော်၏ တရားစီရင်ရေးစနစ်ဖြင့် အရေးယူရန် အခွင့်အာဏာပေးထားကြောင်း။

တရားသူကြီး Charlesworth နှင့် Pillay တို့က မေးမြန်းသော စစ်ဆင်ရေးအတွင်း ပြင်းထန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဆိုင်ရာ မြန်မာနိုင်ငံ၏ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သော အချက်အလက်များအား တင်ပြရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် နစ်နာသူ၏ တိုင်ကြားချက်မရှိခြင်း၊ ကာလကြာရှည်မှ နောက်ကြောင်းပြန် တိုင်ကြားခြင်းတို့ကြောင့် အရေးယူဆောင်ရွက်မှုပြုရန် သက်သေလုံလောက်မှု မရှိပါကြောင်း။

တရားသူကြီး Charlesworth နှင့် Pillay တို့၏ ကျေးရွာများအား မီးရှို့ဖျက်ဆီးသည်ဟု ဆိုသော စွပ်စွဲချက်နှင့်စပ်လျဉ်းသည့် မေးမြန်းချက်အပေါ် မြန်မာ့တပ်မတော်က ကျူးလွန်သည်ဟု စွပ်စွဲပြောဆိုခဲ့သော်လည်း ဂမ်ဘီယာနိုင်ငံအနေဖြင့် သက်သေအထောက်အထား တင်ပြနိုင်ခြင်းမရှိကြောင်း လျှောက်လဲခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရှေ့နေ Mr. Sam Blom-cooper က လျှောက်လဲရာတွင် ဂမ်ဘီယာ၏ ဒုတိယအကြော့လျှောက်လဲချက်တွင် မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းစေသည့် ဆောင်ရွက်ချက်ရည်ရွယ်ချက်များရှိသည်ဟု လုံးဝသက်သေမပြနိုင်ကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေသည် အမှု၏နောက်ဆုံးအချိန်တွင်မှ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းစေလိုသည်ကို သက်သေပြရန် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာများတွင် (ဘင်္ဂါလီရွာများကို ဝိုင်းပတ်ပိတ်ဆို့ခြင်း၊ ရုတ်ခြည်းတိုက်ခိုက်ခြင်း၊ ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံမှတိုက်ခိုက်ကြောင်း၊ အရပ်သားများကိုမခွဲခြားဘဲ ပစ်ခတ်ခြင်း၊ အမျိုးသား၊ ကလေးများကို အမျိုးသမီးများနှင့် ခွဲခြားခြင်း၊ အမျိုးသမီးများကို အုပ်စုဖွဲ့အဓမ္မကျင့်ခြင်း၊ တရားမဲ့သတ်ဖြတ်ခြင်း၊ ထွက်ပြေးနေသူများကို ပစ်ခတ်ခြင်း၊ အိမ်များကို မီးရှို့ခြင်း၊ စက်ယန္တရားများနှင့် မြေရှင်းခြင်းစသည့် တူညီသော ဆောင်ရွက်မှု ပုံစံ (Modus Opreandi)ဖြင့်ကျူးလွန်သည်ဟု စကားလုံးအသစ်ဖြင့် ပြောဆိုလာပါကြောင်း။

ကျွမ်းကျင်သက်သေ၏ ထွက်ဆိုချက်တွင် အားနည်းချက်များကို သက်သေစစ်ဆေးသည့် မြန်မာနိုင်ငံ၏ ရှေ့နေ Mr.Hooper က ထောက်ပြခဲ့ပြီးဖြစ်ကြောင်း၊ ကျွမ်းကျင်သက်သေက နေရာ ၅၄ နေရာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများရှိခဲ့သည်ဟု ဆိုသော်လည်း ဂမ်ဘီယာ၏ ဒုတိယအကြော့လျှောက်လဲချက်အရ ၁၀ နေရာခန့်သာ ရှိသည်ဟု ပြင်ဆင်လျှောက်လဲပြန်ပါကြောင်း၊ ကလေးများ သေဆုံးသည်ကို ဂမ်ဘီယာက နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ အချက်အလက်ကိန်းဂဏန်းများကို ကိုးကား၍ဖော်ပြသော်လည်း ယင်းအချက်အလက်များသည် အကြမ်းဖျင်းကောက်နုတ်၍ ခြုံငုံတင်ပြချက်များဖြစ်ပြီး တိကျသေချာသည်ဟု မဆိုလိုနိုင်သည့် ချဲ့ကားထားသော ကိန်းဂဏန်းများဖြစ်ကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေ Prof. Talmon က ဂမ်ဘီယာက တောင်းဆိုထားသည့် ပေးလျော်ရန်ကိစ္စများနှင့်ပတ်သက်၍ တရားရုံးသည် လူမျိုးသုဉ်းစေမှုနှင့်ပတ်သက်၍ အမှုကျူးလွန်ကြောင်းနှင့် ဆက်လက်မကျူးလွန်ရန် တားမြစ်ကြောင်း ကိစ္စများကိုသာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ တရားသူကြီး Cleveland မေးမြန်းသည့် အပြည်ပြည်ဆိုင်ရာ တရားရုံးများ၊ ခုံရုံးများနှင့်အမှုသည်များက ဤအမှုတွင် ပေးလျော်ရန် ကိစ္စကို ကိုင်တွယ်ဆုံးဖြတ်ရန် သင့်လျော်သည်ဟု ယူဆသည့် တရားရုံးများဆိုင်ရာ မေးခွန်းနှင့်ပတ်သက်၍ နစ်နာသူမဟုတ်သည့် နိုင်ငံက စာချုပ်ဝင်နိုင်ငံအနေဖြင့် စွဲဆိုသည့် ကိစ္စတွင် လျော်ကြေးအလိုရှိသူသည် စွဲဆိုသည့်နိုင်ငံသား မဟုတ်ကြောင်း၊ လက်ရှိအထိ နစ်နာသူမဟုတ်သည့် တရားစွဲဆိုသည့် နိုင်ငံနှင့်ပတ်သက်၍ ယခင်ဆုံးဖြတ်ချက်များ မရှိဖူးသေးကြောင်း။

ယင်းကဲ့သို့သော အမှုမျိုးသည် ဥရောပလူ့အခွင့်အရေး စာချုပ်၊ အမေရိက လူ့အခွင့် အရေးစာချုပ်နှင့် အာဖရိကလူသားနှင့် လူပုဂ္ဂိုလ်များ၏ ပဋိညာဉ်စာချုပ်စသည်တို့တွင်သာ အကျုံးဝင်မည်ဖြစ်ကြောင်း၊ အကယ်၍ နစ်နာသူတစ်ဦးတစ်ယောက်က စာချုပ်တွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံကို စွဲဆိုပါက နစ်နာမှုအတွက် လျော်ကြေးတောင်းခံပိုင်ခွင့်မရှိကြောင်း ICJ တရားရုံးကိုယ်တိုင်က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြံပေးခြင်းတွင် အတည်ပြုထားပါကြောင်း၊ နစ်နာသူမဟုတ်သည့် နိုင်ငံလျော်ကြေးတောင်းခံမည်ဆိုပါက နိုင်ငံများက အပြိုင်တောင်းဆိုခြင်း၊ မတူညီသည့် တောင်းဆိုမှုများ ပြုခြင်းရှိနိုင်ပြီး လျော်ကြေးကို အမှန်နစ်နာသူထံ မည်သို့မည်ပုံရရှိအောင် ပေးအပ်မည်ကလည်း အခက်အခဲရှိပါကြောင်း၊ အထူးသဖြင့် စွဲဆိုခံရသည့် နိုင်ငံ၏ နိုင်ငံသားမဟုတ်သူများက တရားမျှတမှုကြားကာလတရားစီရင်ရေးတို့တွင် တောင်းဆိုချက်များသည် အခက်အခဲရှိကြောင်း၊ သို့ဖြစ်၍ ယခုကိစ္စရပ်မျိုးတွင် စာချုပ်ကို လိုက်နာရန်နှင့် ဖောက်ဖျက်မှုများရပ်တန့်ရန် ကိစ္စများကို ဆုံးဖြတ်ရန်သာ အဓိကသင့်လျော်ကြောင်း လျှောက်လဲသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Staker က ဂမ်ဘီယာ၏ သက်သေများ သက်သေအဆင့်မမီကြောင်းနှင့် ပတ်သက်၍ တရားသူကြီး Cleveland ၏ မြန်မာနိုင်ငံကကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့၊ NGO များ၏ မေးခွန်းဖြေကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့၊ NGO များ၏ အချက်အလက်များသည် သက်သေအဆင့်လုံးဝမရှိကြောင်း ငြင်းဆိုနေခြင်းမဟုတ်ကြောင်း၊ ယခုအမှုတွင် အဓိကအချက်များဖြစ်သည့် ရက်စက်ဆိုးရွားမှုများ ကျူးလွန်ခြင်း၊ ယင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခြင်း၊ တစ်ပုံစံတည်း ကျူးလွန်ခြင်းဟူသော စွပ်စွဲချက်များက အဓိကဖြစ်နေသဖြင့် ယင်းတို့ကို သက်သေပြရာတွင် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းမှလွဲ၍ အခြားကောက်ချက်ချရန် မရှိသည်အထိ သက်သေပြရန် မဖြစ်နိုင်ကြောင်း။

ထိုသို့သက်သေပြနိုင်ရန် သက်သေအဆင့်အတန်းမြင့်မားရန်လိုအပ်ကြောင်း၊ အထက်ပါ ကုလသမဂ္ဂနှင့် ပြင်ပအဖွဲ့အစည်းများသည် တစ်ဆင့်ကြားအချက်အလက်များကိုသာ ကိုးကားရေးသားသဖြင့် ၎င်းတို့ကို ယခုအမှုတွင် သက်သေခံအဆင့်မမီကြောင်း သတ်မှတ်ပေးရန် မြန်မာကရပ်တည်ပါကြောင်း၊ သာမန်အရပ်ဘက် တရားရုံး၊ နိုင်ငံတကာ ပြစ်မှုခုံရုံးစသည်တို့တွင် ယခုကဲ့သို့သော သက်သေများကို လက်မခံပါကြောင်း၊ IIMM အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ခုနစ်နှစ်အတွင်း ယခုအမှုအတွက် ထွက်ဆိုချက် ၄၂ ခုသာ ထောက်ပံ့ပေးနိုင်ကြောင်း၊ မြန်မာက ARSA အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်၍ FFM နှင့် NGO များကို ကိုးကားလျှောက်လဲခြင်းမှာ မြန်မာက ယင်းကိစ္စများကို သက်သေပြလို၍ မဟုတ်ဘဲ ဂမ်ဘီယာ၏ အချက်အလက်များအရ သက်သေပြရမည့် စံနှုန်းမညီကြောင်း ထောက်ပြလိုခြင်းသာဖြစ်ကြောင်း။

အမှန်သက်သေပြရမည့် တာဝန်သည် ဂမ်ဘီယာတွင်သာရှိကြောင်း၊ ဂမ်ဘီယာက FFM ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုကို အဖွဲ့တွင် ပါဝင်ခဲ့သူတစ်ဦး၏ အချက်အလက်များကို သုံး၍ ချေပနေသော်လည်း ယင်းအဖွဲ့တွင် မှုခင်းဆေးပညာစသည့် ကျွမ်းကျင်သူများမပါဝင်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် တစ်ဆင့်ကြားစကားများဖြင့် များစွာ စွပ်စွဲပြောဆိုနေသော်လည်း အင်းဒင်ဖြစ်စဉ်မှလွဲ၍ ဓာတ်ပုံ၊ ဗီဒီယိုသက်သေတစ်စုံတစ်ရာ ထုတ်ပြနိုင်ခြင်းမရှိသည်မှာလည်း မဖြစ်သင့်ကြောင်းစသည်ဖြင့် လျှောက်လဲသည်။ စာမျက်နှာ ၄ သို့ ❖

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ ကြားနာပွဲပြီးဆုံးသည့် မိန့်ခွန်း

လေးစားအပ်ပါသော အပြည်ပြည်ဆိုင်ရာတရားရုံး ဥက္ကဋ္ဌကြီး၊ ဂုဏ်သရေရှိ ဒုတိယဥက္ကဋ္ဌကြီးနှင့် တရားသူကြီးမင်းများ ခင်ဗျား၊

၁။ ယခုလို တရားရုံး၏ရှေ့မှောက်သို့ ပြန်လည်လာရောက်၍ မြန်မာနိုင်ငံ၏ အဆိုပြုချက် တင်သွင်းခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆိုပြုချက် မတင်သွင်းမီ စကားအနည်းငယ် ပြောကြားလိုပါကြောင်း၊

၂။ ယခု ရက်သတ္တပတ် ၃ ပတ်အကြာ ပြုလုပ်သည့်ကြားနာပွဲပြီးဆုံးမှုနှင့်အတူ တရားရင်ဆိုင်မှုတွင် ပါဝင်သူအားလုံးလည်း ပင်ပန်းသွားကြပြီဖြစ်ကြောင်း၊ တရားရုံးတွင်လည်း ယခုကဲ့သို့ ရှည်လျားသည့် ကြားနာပွဲမရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခု ကြားနာပွဲတွင် နှစ်ဖက်လျှောက်လဲချက်များကို တရားသူကြီးများက အလေးထားပြီး ဆင်ခြင်သုံးသပ်ပေးမည်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်သည် တရားရုံးအတွက် အလုပ်များနေချိန်ဖြစ်နေကြောင်း၊ ယင်းကြားမှ အချိန်ပေးပြီး အထူးတလည် ဆောင်ရွက်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊

၃။ သို့သော် အမှုအတွက် အချိန်ပေးရန်နှင့် အာရုံစိုက်ပေးရန် အရေးကြီးပါကြောင်း၊ ထူးခြားသည့် အမှုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အလွန်အရေးကြီးပါကြောင်း၊ ဤအမှုကို ပြည်တွင်း၌ မျက်ခြည်မပြတ် စောင့်ကြည့်နေကြကြောင်း၊ ယခု ရက်သတ္တပတ် (၃)ပတ် အတွင်း ပြည်တွင်း၊ ပြည်ပ၌ အလေးပေး စောင့်ကြည့်နေသူများအနေဖြင့် အမှု၏ရှုပ်ထွေးနက်နဲမှုကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကြီးလေးသည့် စွပ်စွဲချက်ကို ကာကွယ်ရသည့်အနေအထားကိုတော့ အနည်းဆုံး သိရှိခွင့်ရရှိကြမှာဖြစ်ကြောင်း၊ နိုင်ငံနှင့် ပြည်သူများအပြင် နောင်လာမည့် မျိုးဆက်သစ်များအတွက် အရေးပါသည့် အကျိုးစီးပွားအလို့ငှာ အမှုရင်ဆိုင်ရပုံနှင့် အဆင့်အတန်းရှိသည့် သက်သေများ



တင်သွင်းရပုံကို သိရှိနိုင်မည်ဖြစ်ကြောင်း၊

၄။ ယမန်နေ့က ဂမ်ဘီယာမှ တင်သွင်းသည့် သက်သေသုံးဦးက အမှုအတွက် သက်သေထူနိုင်ခြင်းမရှိကြောင်းကို မြန်မာရှေ့နေက လျှောက်လဲခဲ့ကြောင်း၊ ကြားနာပွဲကာလအတွင်း မြန်မာက ယင်းကဲ့သို့ မေးခွန်းများ ထုတ်ခဲ့ကြောင်း၊ မြန်မာက လူမျိုးသုဉ်းစေမှုဆိုင်ရာ သဘောတူစာချုပ်၏ အဓိပ္ပါယ်ဖွင့်ဆိုမှုကို မေးခွန်းထုတ်ခဲ့ကြောင်း၊ တစ်ဖက်က တင်သွင်းသည့် အချက်အလက်များ၏ ခိုင်မာမှုအပေါ် မေးခွန်းထုတ်ခဲ့ကြောင်း၊ ယင်းသို့ မေးခွန်းထုတ်ရခြင်းမှာ မြန်မာနိုင်ငံ၏ ဖြစ်စဉ်အမှန်ကို သိရှိစေလို၍ ဖြစ်ကြောင်း၊ ယင်းသို့ မေးခွန်းထုတ်ရခြင်းမှာ တရားရုံးအနေဖြင့် သမာသမတ်ကျစွာ အမှန်အတိုင်းတရားစီရင်မည်ကို ယုံကြည်၍ ဖြစ်ကြောင်း၊

၅။ နိဂုံးချုပ်အနေဖြင့် တရားရုံးမော်ကွန်းထိန်းနှင့် မော်ကွန်းထိန်းဌာနတွင် တာဝန်ထမ်းဆောင်နေသူအားလုံး၊ စကားပြန်များ၊ လုံခြုံရေးအဖွဲ့များအပြင် ကြားနာပွဲ အဆင်ပြေချောမွေ့စွာ ပြုလုပ်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ၏ လျှောက်လဲချက်များကို အလေးအနက်ထား နားထောင်ပေးခဲ့သည့် တရားရုံး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင် တရားသူကြီးများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

၆။ ယခုမိမိအနေဖြင့် တရားရုံး၏ စည်းမျဉ်းဥပဒေ ပုဒ်မ ၆၀၊ အပိုဒ် ၂ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စား အောက်ဖော်ပြပါ အဆိုလွှာအတိုင်း စီရင်ဆုံးဖြတ် ကြေညာပေးနိုင်ပါရန် အပြည်ပြည်ဆိုင်ရာ တရားရုံးအား လျှောက်တင်အပ်ပါသည် -

(က) လူမျိုးသုဉ်းစေမှုတားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး သဘောတူစာချုပ်ကို ဖောက်ဖျက်ကြောင်း ဂမ်ဘီယာသမ္မတနိုင်ငံက တရားရုံးသို့ အဆိုပြုသည့် စွပ်စွဲချက်များမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်၊

(ခ) တရားရုံးက ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက်တွင် ချမှတ်ခဲ့သော ကြားဖြတ်စီမံဆောင်ရွက်ချက်ကို ဖောက်ဖျက်ကြောင်း ဂမ်ဘီယာသမ္မတနိုင်ငံက တရားရုံးသို့ အဆိုပြုသည့် စွပ်စွဲချက်များမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်နှင့်

(ဂ) ဂမ်ဘီယာက အဆိုပြုသည့် နစ်နာကြေးပေးရန်အပြင် အခြားအဆိုပြုချက်အားလုံးမှာ ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးပါရန်။

❖ စာမျက်နှာ ၃ မှ

ထို့နောက် ရှေ့နေ Mr. Stefan Talmon က သက်သေအထောက်အထားပြသရန် တာဝန်နှင့် သက်သေအထောက်အထား အဆင့်အတန်းတို့နှင့် ပတ်သက်၍ လျှောက်လဲရာတွင် အမှုစွပ်စွဲသူ ဂမ်ဘီယာက သက်သေအထောက်အထားပြသရန် တာဝန်ရှိကြောင်း၊ ထို့အပြင် ကြီးလေးသည့်အမှုဖြင့် စွပ်စွဲထားသည့်အတွက် နိုင်ငံတစ်နိုင်ငံအတွက်သာမက ယင်းနိုင်ငံတွင် နေထိုင်သော သန်းပေါင်းများစွာရှိသည့် ပြည်သူများပါထာဝရအမည်းစက်ထင်မည့် ကိစ္စဖြစ်သဖြင့် အကြွင်းမဲ့ယုံကြည်ရလောက်သော အဆင့်အတန်းရှိသည့် သက်သေများကို ပြသရန်တာဝန်ရှိကြောင်း၊ တရားသူကြီး Hmoud က လူမျိုးသုဉ်းစေမှုကို စစ်ဆေးရာတွင် လူမျိုးသုဉ်းစေမည့် ရည်ရွယ်ချက်ရှိ /မရှိကို လူပုဂ္ဂိုလ်နှင့် နိုင်ငံတော်တို့အား ခွဲခြား၍ စစ်ဆေးရန် လို / မလို မေးခွန်းကို ဖြေကြားရမည်ဆိုပါက သက်သေအဆင့်အတန်း တူညီနေရန်လိုသည့်အတွက် ခွဲခြားရန်မလိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံတစ်နိုင်ငံသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်အပြင် အခြားစေ့ဆော်မှုများ သို့မဟုတ် ရည်မှန်းချက်များ ရှိပါက လူမျိုးသုဉ်းစေရန် အထူးရည်ရွယ်ချက်ကို လျော့ပါးစေနိုင်သည်ဟု ဖြေကြားလိုပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ ရှေ့နေက ဂမ်ဘီယာသည် စွပ်စွဲသကဲ့သို့ တရားရုံးတွင် လူမျိုးသုဉ်းစေမှု မြောက် / မမြောက် ဆင်ခြင်ရာတွင် အမှန်းစကားမပါဝင်သည့်အတွက် စီရင်ထုံးများအပေါ် စိတ်ကူးအသစ်များ ဖြည့်စွက်၍ မရပါကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေ Newton က လျှောက်လဲသကဲ့သို့ ဥပဒေကြောင်းအရတိုက်ခိုက်သည့် ပုံစံနီးစပ်မှုနှင့် စနစ်တကျစီစဉ်ပြီး တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်မှုကို ချိတ်ဆက်၍မရပါကြောင်း၊ လူမျိုးသုဉ်းစေမှုမြောက် / မမြောက် စစ်ဆေးရာတွင်လည်း ပျက်စီးဆုံးရှုံးမှုပမာဏကိုအခြေခံရသည့်အတွက် ဂမ်ဘီယာလျှောက်လဲသကဲ့သို့ အရေအတွက်နှင့် မဆိုင်ကြောင်း ကောက်ချက်ချ၍ မရကြောင်း၊ ကုလသမဂ္ဂက ဖွဲ့စည်းပေးသည့် အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသဖြင့် ဥပဒေကြောင်းအရ အမှုကိုဖုံးကွယ်သည်ဟု ဆို၍ မရပါကြောင်း၊ အဓိကကျသည်မှာ စနစ်တကျစီစဉ်ပြီး တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်မှုကြောင့် လူမျိုးသုဉ်းစေမှုဖြစ်စေသည်ဟု ကောက်ချက်ချနိုင်မှသာ လူမျိုးသုဉ်းစေမှုမြောက်ပါကြောင်း လျှောက်လဲသည်။

မြန်မာနိုင်ငံ၏ရှေ့နေများ လျှောက်လဲအပြီးတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိန့်ခွန်းပြောကြားခဲ့ပြီး ဂမ်ဘီယာ၏ လျှောက်လဲတောင်းဆိုချက်အားလုံးကို တရားရုံးအနေဖြင့် ပယ်ချပေးနိုင်ပါရန် အဆိုပြုလွှာတင်ပြခဲ့ကြောင်း သိရသည်။ ( မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။) သတင်းစဉ်





စစ်ဆင်ရေးတာဝန်များကို ခွမ်းခွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

★ ရွှေဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား ခွမ်းခွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာ၊ အတီး၊ အမှုတ်၊ အကအလှများဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ(မန္တလေး)တွင် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်(CTME) ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးတို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်(၁/၂၀၂၆ C.T.M.E)ကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျောင်းရပ်ကွက်ရှိ ခုတင် ၁၀၀ ဆံ့သင်ကြားရေးတိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

C.T.M.E အခမ်းအနားတွင် သဘာပတိများအဖြစ် ဦးစန်းလွင် တိုင်းဒေသကြီးဦးစီးဌာနမှူး(ငြိမ်း) တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဦးသံချောင်း(ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ အုပ်ကြီး (ငြိမ်း)မန္တလေးမြို့)တို့က ဆောင်ရွက်ကြပြီး သဘာပတိ ဦးသံချောင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် C.T.M.Eအခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသော အလှူရှင် ဦးသင်း+ဒေါ်ခင်မူ(တက်နေလင်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)၊ မဟာအောင်မြေမြို့နယ်အား ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်မီမီက ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ 'ခါးနာရောဂါ' ခေါင်းစဉ်ဖြင့် ဒေါ်သီဂီထွန်း (အကြီးတန်းတိုင်းရင်းဆေးမှူး) အကြော၊ အရိုး၊ အဆစ်ကုဌာန၊ ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးက ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဟောပြောသူ ဒေါ်သီဂီထွန်းအား တာဝန်ရှိသူတစ်ဦးက မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန(ငြိမ်း) ဒေါ်ခင်ဖြူသက်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်၊ အလုပ်အမှုဆောင်ဖြစ်သော ဦးသင်း၊ ဦးကျော်ကျော်ဦးနှင့် ဆရာ၊ ဆရာမများ၊ အလုပ်သင် ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးမှူး၊ ဒုတိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူးများနှင့် တိုင်းရင်းဆေးပညာကို စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

(ဝ၇ဝ)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၁)ကြိမ်မြောက် ဝန်ထမ်းမိသားစု ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး









**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၁)ကြိမ်မြောက် ဝန်ထမ်းမိသားစု ထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီဌာန ၁၄ ခုမှ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ ဌာနခွဲမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်း အတွင်း ဌာန(၁၄)ခုမှ ပြိုင်ပွဲဝင်အသင်းများက အဖွဲ့လိုက် စုပေါင်းညီညွတ်ပျော်ရွှင်စွာဖြင့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

၎င်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်းက အကဲဖြတ်အမှတ်ပေးခဲ့သူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီး သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာန ၁၄ ခုမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေးဆိုင်ရာ စာစီစာကုံး၊ ဆောင်းပါးနှင့် ပိုစတာပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေးဆိုင်ရာ စာစီစာကုံး၊ ဆောင်းပါးနှင့် ပိုစတာပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အဆောင်(၁၄)၌ ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲတွင် "လူမှုဘဝနှင့် အကြမ်းဖက်မှုအန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် "တိုင်းပြည်အနာဂတ်ကောင်းမွန်ဖို့ အကြမ်းဖက်မှုကာကွယ်တားဆီးစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပိုစတာပြိုင်ပွဲတွင် "ပြည်သူ့ဘဝလုံခြုံဖို့ အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးစို့" ခေါင်းစဉ်ဖြင့် ကျင်းပရာ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(အောက်ဝဲပုံ) (ဝ၈၂)

## ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စဉ့်ကူး ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၈ နာရီက စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော စုစုပေါင်းအင်အား ၂၅၀ ဦးတို့က စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်တို့ရှိ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များအား စနစ်တကျ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

တင်စာလွင်(ပြန်/ဆက်)





## တံတားဦးမြို့နယ်၌ ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ဇီးပင်ငွေ့ကျေးရွာ၌ ဆောင်းသီးနှံရာသီတွင် ဒေသခံတောင်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဆောင်းသီးနှံရာသီတွင် အဆိုပါကျေးရွာ၌ ဒေသခံတောင်သူများသည် စားဖိုဆောင်သီးနှံများကို အားထားလုပ်ကိုင်ကြကြောင်း၊ ဆောင်းသီးနှံများအနေဖြင့် ပန်းဂေါ်ဖီ၊ မုန်လာဥဖြူ၊ ချဉ်ပေါင်၊ ကန်စွန်းရွက်၊ ခရမ်းသီး၊ ငရုတ်၊ ကြက်သွန်၊ မေမြို့ပန်းနှင့် နံနံပင်တို့ကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုအခါ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အရင်က စိုက်ပျိုးသူနည်းပါးကာ နောက်ပိုင်းတွင် စိုက်ပျိုးသူ များပြားလာကြောင်း၊ ပန်းဂေါ်ဖီစထွက်ချိန်တွင် ဒေသပေါက်ဈေး ပန်းဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ်တစ်ထောင့်ငါးရာ ရရှိပါကြောင်း၊ စိုက်ခင်းတစ်ဧကလျှင် ပန်းဂေါ်ဖီထုပ် တစ်သောင်း ထွက်ရှိနိုင်ကြောင်း၊ တောင်သူအချို့မှာ မိမိစိုက်ပျိုးထားသော ဆောင်းသီးနှံများကို ကုန်သည်ပွဲစားများထံသို့ ပြန်လည်ရောင်းချကြကြောင်း ဇီးပင်ငွေ့ကျေးရွာမှ ဆောင်းသီးနှံစိုက်ပျိုးသူ ဦးထွန်းထွန်းက ပြောသည်။

ပန်းဂေါ်ဖီ စိုက်ပျိုးရေးလုပ်ငန်းသည် စစိုက်ပြီးချိန်မှစ၍ သုံးလခန့်အကြာတွင် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ထို့အပြင် ထွက်ရှိလာသော ပန်းဂေါ်ဖီများကို ကုန်သည်ပွဲစားများက လက်လီရောင်းချသူများထံသို့ ပြန်လည်ရောင်းချပေးကြောင်း သိရသည်။ (၄၀၉)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ (Youth Peace Forum 2026) အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်












**မန္တလေး ဇန်နဝါရီ ၃၀**

နေပြည်တော် MICC-1 တွင် ကျင်းပသော လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)သို့ တက်ရောက်ခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံစကားဝိုင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံ တက္ကသိုလ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ လူငယ်ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အတွေ့အကြုံကောင်းများ၊ ရည်ရွယ်ချက်များကို လူငယ်များအား ပြန်လည်မျှဝေခြင်းဖြင့် လူငယ်ကွန်ရက်တစ်ခုကို ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများသည် နိုင်ငံကို ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာအောင် စဉ်ဆက်မပြတ် တည်ဆောက်နေပါကြောင်း၊ တိုင်းပြည်တိုးတက်ရေးအတွက် အထောက်အကူပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် အမေးအဖြေကဏ္ဍများကိုပါ ထည့်သွင်းထားသည့်အတွက် သိလိုသမျှ ဆွေးနွေးလိုသမျှများကို ပြန်လည် ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းသာယာလှပသော ပတ်ဝန်းကျင်ကောင်းများ လက်တွေ့ကျသောအခန်းကဏ္ဍများဖော်ထုတ်ရာတွင် များစွာအထောက်အပံ့ဖြစ်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော် MICC-1 ၌ ကျင်းပခဲ့သည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆(Youth Peace Forum 2026)တွင် နယ်ပယ်အသီးသီးမှ လူငယ်များ၏ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းစကားသံများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့မှုအတွေ့အကြုံများ၊ လူငယ်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ လူငယ်ရေးရာဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ ဆောင်ရွက်ခဲ့မှုမှတ်တမ်း Video Clip ပြသမှုကို ကြည့်ရှုအားပေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရတနာပုံတက္ကသိုလ် စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်ကလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရတနာပုံတက္ကသိုလ်သို့ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က လက်ခံရယူခဲ့ကြကြောင်းနှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ (Youth Peace Forum 2026)သို့ တက်ရောက်ခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## တော်ဝင်လင်း(REBC)ကိုယ်ပိုင်အထက်တန်းကျောင်း၏ (၂၂)နှစ်မြောက် အခမ်းအနားနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက် (ပိုက်ကျုံး)ရပ်ကွက်၊ ကမ်းနားလမ်း၊၂၂လမ်းနှင့် ၂၆လမ်းကြားရှိ တော်ဝင်လင်း(REBC)ကိုယ်ပိုင် အထက်တန်းကျောင်း၊ ပညာရေးမိသားစု၏ (၂၂)နှစ်မြောက် နှစ်ပတ်လည် ပဒေသာကပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ဟိုတယ်မန္တလေးတွင် ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ထာဝရသစ္စာသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တက်ရောက်လာသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် တည်ထောင်အုပ်ချုပ်သူက အမှာစကားပြောကြားရာတွင် မိမိတို့ကျောင်းအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပေးသည့်အပြင် ကလေးများအား အင်္ဂလိပ်စာ အရည်အသွေး တိုးတက်စေရေး၊ ကိုယ်ပိုင်ဉာဏ်ရည်ဖွံ့ဖြိုးစေရေးတို့ကိုလည်း ပူးတွဲသင်ကြားပေးလျက်ရှိကြောင်း ပြောကြားကာ KG မှ Grade-12 အထိ အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် တင်ဆက်ကြပြီး တာဝန်ရှိသူများက အတန်းလိုက်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)(၀၉၃)**



# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရား ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ၊ ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေ ကျပ်သိန်း(၁၀၀၀၀) လှူဒါန်း



**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရား ဘက်စုံပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဘက်စုံပြန်လည်ပြုပြင် တည်ဆောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်စေတီလိုဏ်တော်ကြီးနှင့် အခြားပျက်စီးမှုများအား ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရှေးမူနှင့်အညီဖြစ်စေ၊ ငလျင်ဒဏ်ခံနိုင်မှုရှိစေရေး၊ လုပ်ငန်းစတင်သည်မှ လုပ်ငန်းအားလုံး ပြီးစီးသည်အထိ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်သွားရေး၊ အလှူငွေများကို စာရင်းဇယားစနစ်တကျဖြင့် လက်ခံဆောင်ရွက်သွားရေးတို့ကို အလေးထားကာ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

၎င်းနောက် အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရား ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ပြောကြားပြီးနောက် တက်ရောက်လာကြသူများက အကြံပြုရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များ၊ ရှင်းလင်းတင်ပြချက်များနှင့်အကြံပြုချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရားဘက်စုံပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီးထံသို့ အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိသူများက ပထမအကြိမ်အဖြစ် လှူဒါန်းငွေ ကျပ်သိန်း(၁၀၀၀၀)ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)






## မန္တလေးမြို့ နန်းမြို့တွင်းရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုအားပေးကြပြီး အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၃၈)

## ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဇန်နဝါရီ ၃၀**

| | | ၃။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၆၄၄၃ | - | ၆၄၄၃ | - | - | |
| | | ၄။ | ပြည်သူ့ပါတီ | ၅၆၄၁ | - | ၅၆၄၁ | - | - | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၁၅၀ | - | ၄၁၅၀ | - | - | |

ရှင်းလင်းချက်။ (၁) ရှမ်းပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၆)ပါဝင်ပြီး ရွေးကောက်ပွဲကျင်းပပြီးဖြစ်သော အပိုင်း(၁)၊ (၂)၊ (၃)တွင်ပါဝင်သည့် ကျောက်မဲ၊ ကွတ်ခိုင်၊ တန့်ယန်း၊ မူဆယ်၊ မိုးမိတ်၊ လားရှိုးခရိုင်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၃၀၄၇၄ / ၂ = ၁၁၅၂၃၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၂၃၀၄၇၄ | ၁ | | ၁ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၆၆၉၃ | ၁ | ၆၁၄၅၆ | ၁ | ၂ | |
| | | ၂။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၀၆၁၉ | - | ၄၀၆၁၉ | - | - | |
| | | ၃။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇၉၄၁ | - | ၇၉၄၁ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၂၀ | - | ၅၂၂၀ | - | - | |

ရှင်းလင်းချက်။ (၁) ရှမ်းပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၆)ပါဝင်ပြီး ရွေးကောက်ပွဲကျင်းပပြီးဖြစ်သောအပိုင်း(၁)၊ (၂)တွင်ပါဝင်သည့် ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းယန်းခရိုင်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၂၆၄၈၆၁ | ၁၇၈၄၀ | ၂၈၂၇၀၁ | |
| | | ဦးရန်နိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၆၅၄ | ၁၂၃၆ | ၁၃၈၈၉၀ | ၄၉.၁၃% |
| | | ဦးခိုမောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၆၆ | ၂၆၄၃ | ၆၆၄၀၉ | ၂၃.၄၉% |
| | | ဦးစန်းလေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၁၈၂၄ | ၁၅၉၆ | ၃၃၄၂၀ | ၁၁.၈၂% |
| | | ဦးသိန်းဆွေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၉၀၉ | ၉၂၄ | ၂၃၈၃၃ | ၈.၄၃% |
| | | ဦးလှမျိုးနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၈၀၈ | ၃၄၁ | ၂၀၁၄၉ | ၇.၁၃% |

စာမျက်နှာ ၁၅ သို့ »»»

»»» စာမျက်နှာ ၁၄ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၃၈၇၈၂၀ | ၂၆၉၂၇ | ၄၁၄၇၄၇ | |
| | | ဒေါ်နွယ်နွယ်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၂၇၆၇ | ၁၉၂၅၉ | ၁၉၂၀၂၆ | ၄၆.၃၀% |
| | | ဦးအုန်းသောင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၃၃၇၆ | ၃၃၁၄ | ၈၆၆၉၀ | ၂၀.၉၀% |
| | | ဒေါ်အေးအေးမြင့် | ပြည်သူ့ပါတီ | ၄၈၅၂၆ | ၁၄၀၆ | ၄၉၉၃၂ | ၁၂.၀၄% |
| | | ဦးသာထက်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၁၆၁၉ | ၁၉၀၈ | ၄၃၅၂၇ | ၁၀.၅၀% |
| | | ဦးဝင်းမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၅၃၂ | ၁၀၄၀ | ၄၂၅၇၂ | ၁၀.၂၆% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | | | ၄၁၁၄၉၄ | ၁၇၀၆၄ | ၄၂၈၅၅၈ | |
| | | ဦးခိုင်ဝင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၆၈၁၄ | ၁၂၀၆၀ | ၂၁၈၈၇၄ | ၅၁.၀၇% |
| | | ဒေါ်သက်စုလှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၉၁၇၆ | ၁၈၇၇ | ၈၁၀၅၃ | ၁၈.၉၁% |
| | | ဒေါ်ယဉ်ယဉ်သန်း | ပြည်သူ့ပါတီ | ၄၄၅၈၇ | ၉၁၃ | ၄၅၅၀၀ | ၁၀.၆၂% |
| | | ဦးသက်နောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၀၈၀၅ | ၁၃၁၅ | ၄၂၁၂၀ | ၉.၈၃% |
| | | ဒေါ်ဝင်းသီတာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၀၁၁၂ | ၈၉၉ | ၄၁၀၁၁ | ၉.၅၇% |
| ၄ | မဲဆန္ဒနယ်အမှတ်(၄) | | | ၄၃၉၄၄၈ | ၂၃၄၁၁ | ၄၆၂၈၅၉ | |
| | | ဦးအောင်ကျော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၅၄၁၀ | ၁၄၈၁၃ | ၁၉၀၂၂၃ | ၄၁.၁၀% |
| | | ဦးညီညီထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၆၅၀ | ၃၃၈၇ | ၈၆၀၃၇ | ၁၈.၅၉% |
| | | ဦးဇော်မင်း | ပြည်သူ့ပါတီ | ၇၄၆၀၄ | ၂၁၁၉ | ၇၆၇၂၃ | ၁၆.၅၇% |
| | | စောဟိန်းစိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၉၈၁၈ | ၁၅၆၈ | ၅၁၃၈၆ | ၁၁.၁၀% |
| | | ဒေါ်ရွှေရည်ဝင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၀၃၀ | ၉၇၄ | ၃၁၀၀၄ | ၆.၇၀% |
| | | ဒေါ်အေးအေးဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၆၉၃၆ | ၅၅၀ | ၂၇၄၈၆ | ၅.၉၄% |
| ၅ | မဲဆန္ဒနယ်အမှတ်(၅) | | | ၅၈၃၇၈၅ | ၂၀၅၆၉ | ၆၀၄၃၅၄ | |
| | | ဦးထိန်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၁၄၆၂ | ၁၂၁၄၅ | ၂၅၃၆၀၇ | ၄၁.၉၆% |
| | | ဒေါ်မျိုးမျိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၄၆၆၅ | ၄၃၀၅ | ၁၆၈၉၇၀ | ၂၇.၉၆% |
| | | ဦးအေးဟန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၆၈၇ | ၂၀၂၅ | ၆၈၇၁၂ | ၁၁.၃၇% |
| | | ဒေါ်အမာလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၆၉၀၂ | ၁၄၅၁ | ၅၈၃၅၃ | ၉.၆၆% |
| | | ဦးသက်ဦးပိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၄၀၆၉ | ၆၄၃ | ၅၄၇၁၂ | ၉.၀၅% |
| ၆ | မဲဆန္ဒနယ်အမှတ်(၆) | | | ၄၆၉၆၄၉ | ၂၈၇၈၃ | ၄၉၈၄၃၂ | |
| | | ဦးမျိုးသန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၀၀၅၂ | ၁၈၇၂၂ | ၂၁၈၇၇၄ | ၄၃.၈၉% |
| | | နော်ဘီဘီလေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၆၄၁၇ | ၄၇၁၉ | ၁၂၁၁၃၆ | ၂၄.၃၀% |
| | | ဦးမြင့်မောင်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၃၃၀ | ၂၃၃၉ | ၆၃၆၆၉ | ၁၂.၇၈% |
| | | ဒေါ်နှင်းမိုးခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၁၆၂ | ၂၂၉၄ | ၅၈၆၅၆ | ၁၁.၇၇% |
| | | ဒေါ်ဝင်းဝင်းငွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၄၈၈ | ၇၀၉ | ၃၆၁၉၇ | ၇.၂၆% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၃၀၁၈၀၂ / ၃ = ၄၃၃၉၃၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၃၀၁၈၀၂ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၄၅၂၃ | ၁ | ၁၅၀၅၈၉ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၂၀၆၉ | - | ၃၂၂၀၆၉ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၅၇၁၃ | - | ၁၂၅၇၁၃ | - | - | |
| | | ၄။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၇၄၃၃ | - | ၁၁၇၄၃၃ | - | - | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၂၁၃၂ | - | ၁၀၂၁၃၂ | - | - | |
| | | ၆။ | ပြည်သူ့ပါတီ | ၄၉၉၃၂ | - | ၄၉၉၃၂ | - | - | |

ရှင်းလင်းချက်။ (၁) ဧရာဝတီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)၊ (၂)နှင့် (၅)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကို ပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၃၈၉၈၄၉ / ၃ = ၄၆၃၂၈၃

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၁၃၈၉၈၄၉ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၇၈၇၁ | ၁ | ၁၆၄၅၈၈ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၈၈၂၂၆ | - | ၂၈၈၂၂၆ | ၁ | ၁ | |
| | | ၃။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၂၁၆၂ | - | ၁၅၂၁၆၂ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၅၆၈၄ | - | ၁၃၅၆၈၄ | - | - | |
| | | ၅။ | ပြည်သူ့ပါတီ | ၁၂၂၂၂၃ | - | ၁၂၂၂၂၃ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၆၈၃ | - | ၆၃၆၈၃ | - | - | |

ရှင်းလင်းချက်။ (၁) ဧရာဝတီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)၊ (၄)နှင့် (၆)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကို ပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

# အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပမည့် အချိန်ဇယားကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း(　)ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (　) ရက်

၁၃၈၇ ခုနှစ်(၂၀၂၆)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၃-၃-၂၀၂၆)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၄-၃-၂၀၂၆)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် (၂၅-၃-၂၀၂၆)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၉)ရက် (၂၆-၃-၂၀၂၆)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက် (၂၇-၃-၂၀၂၆)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် (၂၈-၃-၂၀၂၆)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် (၂၉-၃-၂၀၂၆)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | မြန်မာဂုဏ်ထူး ပါစိတျာဒိပါဠိအဋ္ဌကထာ၊ သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ၊ မဇ္ဈိမနိကာယပါဠိ အဋ္ဌကထာ၊ သံယုတ္တနိကာယပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ၊ ဝိဘင်္ဂါဒိပါဠိ အဋ္ဌကထာ၊ ပဋ္ဌာန်းသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက် (၃၀-၃-၂၀၂၆)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ပါဠိဂုဏ်ထူး ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက် (၃၁-၃-၂၀၂၆)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ပါဠိဂုဏ်ထူး ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌထာ (၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း(　)ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (　) ရက်

၁၃၈၇(၂၀၂၆)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကိုအောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၂) ရက် (၂၉-၃-၂၀၂၆)၊ တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုဂုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>" |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက် (၃၀-၃-၂၀၂၆)၊ တနင်္လာနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>"<br>"<br>" |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက် (၃၁-၃-၂၀၂၆)၊ အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>"<br>"<br>" |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့် (၁-၄-၂၀၂၆)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့်ဓာတု ကထာဘာသာ<br>အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက် (၂-၄-၂၀၂၆)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် (၂)ရက် (၃-၄-၂၀၂၆)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် (၃)ရက် (၄-၄-၂၀၂၆)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

**၂၀၂၆-ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

* ၁၃၈၇- ခုနှစ်၊ တန်ခူးလဆန်း(၆)ရက်၊ တနင်္လာနေ့မှ တန်ခူးလဆန်း(၁၄)ရက်၊ အင်္ဂါနေ့အထိ (၂၃-၃-၂၀၂၆) ရက်မှ (၃၁-၃-၂၀၂၆) ရက်ထိ } အစိုးရဓမ္မာစရိယ

* ၁၃၈၇- ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက်၊ တနင်္ဂနွေနေ့မှ တန်ခူးလဆုတ်(၃)ရက်၊ စနေနေ့အထိ (၂၉-၃-၂၀၂၆) ရက်မှ (၄-၄-၂၀၂၆) ရက်ထိ } ပါဠိပထမပြန်

## အား/ကာသိပွဲအသင်းကို ငါးဂိုးပြတ်နှင့် ရမှတ်ပြည့်ရယူခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်ယူနိုက်တက် အသင်းသည် ယနေ့ညနေက သုဝဏ္ဏကွင်းတွင် အား/ကာသိပွဲ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း အတွက် အိုတိုဆိုင်တို၊ ရှုတို၊ မျိုးဆက်ပိုင်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြပြီး ကောင်းစည်သူက နှစ်ဂိုးသွင်းယူပေးခဲ့ကြသည်။

ပုံစံကောင်း တစ်ခုရရှိနေသည့် ရန်ကုန်ယူနိုက်တက် အသင်းသည် ယနေ့ပွဲစဉ်တွင်လည်း အကောင်းဆုံးပုံစံနှင့် တစ်ဖက်အသင်းကို ဖိအားပေး



ယှဉ်ပြိုင်ကစားခဲ့သည်။ ရန်ကုန် အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် အိုတိုဆိုင်တိုက အနီးကပ်သွင်းယူပေးခဲ့ပြီး ၃ မိနစ်အကြာတွင် ရှုတိုက မောင်မောင်လွင် ပြစ်ဒဏ်ဘောကန်တင်ပေးရာမှတစ်ဆင့် ခေါင်းတိုက် သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ဘလာမိ အစားဝင်ရောက်လာသည့် ကောင်းစည်သူက ၅၉ မိနစ်တွင် ဟားမား တစ်ဖက် နောက်တန်းနှင့်အပြိုင် ဘောလုံးယှဉ်လုပြီး ကောင်းစည်သူကိုပေးပို့ရာမှ ရင်ဘတ်နှင့်ထိန်းပြီး သွင်းယူခဲ့သည်။ ထပ်မံ၍ ပွဲချိန် ၆၈ မိနစ်တွင် အိုတိုဆိုင်တိုက ဂိုးရှေ့ချပေးမှုကို ကောင်းစည်သူကထပ်မံသွင်းယူခဲ့သည်။ ရန်ကုန် အသင်းအတွက်အဆုံးသတ်အနိုင်ဂိုးကို လူစားလဲဝင်ရောက်လာသည့် မျိုးဆက်ပိုင်က ပွဲချိန် ၇၇ မိနစ်တွင် အီစိုးနှင့် အချိတ်ဆက်မိမိ ဘောလုံးရယူခဲ့ကာ ၁၈ ကိုက်စည်းထဲသို့ တောက်လျှောက် ဆွဲယူလာခဲ့ပြီး အပိုင်ကန်သွင်းယူခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ၁၅ ပွဲကစား၊ ၁၂ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၁ ပွဲရှုံး၊ ရမှတ် ၃၈ မှတ်နှင့် အဆင့်(၁)နေရာတွင် ရပ်တည်နေပြီး လာမည့် ဖေဖော်ဝါရီ ၄ ရက်တွင် ရာမညယူနိုက်တက်အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(NGB)



## အက်စတွန်ဗီလာအသင်းက ဆောလ်ဘတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇန်နဝါရီ ၃၀**

ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေး လိဂ်အဆင့် ပွဲစဉ်(၈)အဖြစ် ယနေ့ နံနက်ပိုင်းက အက်စတွန်ဗီလာအသင်းနှင့် ဆောလ်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်စတွန်ဗီလာအသင်းက ဆောလ်ဘတ် အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အက်စတွန်ဗီလာအသင်း အတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် မော်ဂန်ရော်ဂျာစ်၊ ပွဲချိန် ၇၆ မိနစ်တွင် တိုင်ရွန်မင်းစ်၊ ပွဲချိန် ၈၇ မိနစ်တွင် ဂျီမိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အက်စတွန်ဗီလာအသင်းသည် ယူရိုပါလိဂ်ဘောလုံး ပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်(၈)ပွဲစလုံးကစားအပြီးတွင် ရမှတ် ၂၁ မှတ်ဖြင့် ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

(NGB)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၃)အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၃၀ × ၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရံကာတစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်နန်းတင်တင်(၁/မညန(နိုင်)၀၂၇၂၁၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph; 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)တွင် တည်ရှိသော ဦးပိုင်အမှတ်(၆၅)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီနှစ်ထပ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အုန်းမြင့်(ခ)ဒေါ်ခင်အုန်းမြင့်(၉/မရတ(နိုင်)၀၅၉၈၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph; 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၉)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီနှစ်ထပ်ခွဲအဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်နန်းယဉ်ယဉ်(၁၃/ကမန(နိုင်)၁၂၉၉၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph; 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅-W)၊ ဦးပိုင်အမှတ်(၆၃)တွင် နေထိုင်သူများဖြစ်သော ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်ခင်ကြည်(ဘ)ဦးကျော်ဝင်း(၉/မနမ(နိုင်)၀၅၃၆၃၉)၊ သားဖြစ်သူ ဦးကျော်ကျော်ထူး(ဘ)ဦးလှ(၉/မနမ(နိုင်)၁၂၂၃၀၁)ကိုင်ဆောင်သူနှင့် သမီးဖြစ်သူ မဖြူဖြူ(ဘ)ဦးလှ(၉/အမဇ(နိုင်)၀၂၂၀၇၁)ကိုင်ဆောင်သူတို့က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅-W)၊ ဦးပိုင်အမှတ်(၆၃) မြေကွက်အတွင်းမှ မြောက်ဘက်အစိတ်အပိုင်းဖြစ်သည့် အရှေ့အနောက်(၄၅)ပေ၊ တောင်မြောက်(၆)ပေ၊ အရှေ့လားသော် - အစိုးရလမ်း၊ အနောက်လားသော် - ဦးသန်းဖေ၊ တောင်လားသော် - ဦးမောင်ကို၊ မြောက်လားသော် - ဒေါ်ငွေး အစရှိသည့် နယ်နိမိတ်(၄)ရပ်အတွင်းရှိ မြေနှင့် မြေပေါ်ရှိ ထရံကာ၊ သွပ်မိုး၊ အဆောက်အအုံအား မူလပိုင်ဆိုင်သူဖြစ်သူ ဒေါ်ခင်ညို(ခ)ဒေါ်သူဇာ(ဘ)ဦးကျော်ဝင်း(၉/မနမ(နိုင်)၀၅၃၅၂၁)ကိုင်ဆောင်သူက အစ်မဖြစ်သူ ဒေါ်ခင်ကြည်အား (၆-၅-၂၀၁၈)ရက်တွင် အဆုံးအပိုင်လက်ရောက်လွှဲပြောင်းပေးကမ်းခဲ့သဖြင့် ဒေါ်ခင်ကြည်သည် အဆိုပါ မြေအစိတ်အပိုင်းနှင့် အဆောက်အအုံပေါ်တွင် သားဖြစ်သူ ဦးကျော်ကျော်ထူး၊ သမီးဖြစ်သူ မဖြူဖြူတို့နှင့်အတူ ယနေ့ထိတိုင်အောင် ပိုင်ရေးဆိုင်ခွင့်အရ တရားဝင်လက်ရှိထား နေထိုင်စီမံခန့်ခွဲ အသုံးပြုသူများ ဖြစ်ကြပါသည်။

အထက်ဖော်ပြပါ မြေအစိတ်အပိုင်းနှင့် အဆောက်အအုံပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်ခင်ကြည်၊ သားဖြစ်သူ ဦးကျော်ကျော်ထူး၊ သမီးဖြစ်သူ မဖြူဖြူ ကိုင်ဆောင်သူတို့မှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ နေထိုင်ပိုင်ဆိုင်ဖူးခြင်းမရှိခဲ့ပါ။ ကျွန်ုပ်၏မိတ်ဆွေများကသာလျှင် ယနေ့ထိတိုင်အောင် တရားဝင်လက်ရှိထား နေထိုင်ပိုင်ဆိုင်သူများ ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေအစိတ်အပိုင်းနှင့် အဆောက်အအုံအား ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ မြေတိုင်းတာခြင်း၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ ကိစ္စများအပါအဝင် လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်လာပါက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်ခင်ကြည်၊ သားဖြစ်သူ ဦးကျော်ကျော်ထူး၊ သမီးဖြစ်သူ မဖြူဖြူတို့၏ တာဝန်ပေးလွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**ဒေါ်ခင်ကြည်(ဘ)ဦးကျော်ဝင်း**
**(၉ /မနမ(နိုင်)၀၅၃၆၃၉)**
**ဦးကျော်ကျော်ထူး(ဘ)ဦးလှ**
**(၉ /မနမ(နိုင်)၁၂၂၃၀၁)**
**မဖြူဖြူ(ဘ)ဦးလှ**
**(၉ /အမဇ(နိုင်)၀၂၂၀၇၁)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းလှိုင်(စဥ်-၁၀၁၀၄/၁၄)**
**(တရားလွှတ်တော်ရှေ့နေ)**
**၂၅လမ်းနှင့် ၂၆လမ်းကြား၊ ၈၉လမ်း၊ နေရှင်နယ်ဝင်း၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၂၂၉၉၉၃၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၄)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၃)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ တစ်ထပ်အိမ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးရာဝင်း(၉/မနတ(နိုင်)၀၁၉၈၇၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph; 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၀)တွင် တည်ရှိသော ဦးပိုင်အမှတ်(၆၀)အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရံကာတစ်ထပ်အိမ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်စိုးဝင်း(၉/မရမ(နိုင်)၀၃၄၄၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph; 09-2070007, 09-792070007, 09-43250000**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၀)၊ ဦးပိုင်အမှတ်(၄)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစိန်ရွှေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၀၄/၂၀၀၆)ဖြင့် ဝယ်ယူခဲ့သော ဥရောပ-အာရှကော်မာရှယ်ကုမ္ပဏီလီမိတက်၏(GP ရရှိသူ ဦးကျော်နိုင်)မှ တာဝန်ယူ လက်မှတ်ရေးထိုး ဝယ်ယူခဲ့ပြီး ကုမ္ပဏီ၏ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ ဦးနိုင်လင်း(၅/ကလတ(နိုင်)၀၇၅၉၇၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၉၉၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ အကွက်အမှတ်(၄၉၈)၊ ဦးပိုင်(၂/၁၆၆)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူး ခင်မောင်ရီ အမည်ပေါက် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ထိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသက်မိုးအောင်(၉/မနတ(နိုင်)၀၁၈၅၅၀)ကိုင်ဆောင်သူနှင့် ဒေါ်ဝါဝါဟန်(၉/မနတ(နိုင်)၀၂၆၄၈၆)တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ရောင်းဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထုအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၈၅၅)**
**ဖုန်း ၀၉-၂၆၅၃၆၆၀၀၁**

## တံဆိပ်အမည်အမှတ်အသား အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ဘဝတီ၊ ရာမရပ်ကွက်၊ အိမ်အမှတ်(၄၇၉)နေ ဦးကျော်ဆန်းလွင်(ဘ)ဦးတေလေ(၉/အမရ(နိုင်)၀၀၈၇၆၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။




RD (၂၃၈၉ / ၂၀၂၅)

အထက်ဖော်ပြပါ **ကျော်မော်** အမည်တံဆိပ်အမှတ်အသားဖြင့် **သောက်ရေသန့်**ကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး၊ကျွန်ုပ်မိတ်ဆွေမှ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ တံဆိပ်အမည် အမှတ်အသားကို ဘာသာစကားအမျိုးမျိုးတို့ဖြင့် အသုံးပြုကာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲခြင်းများမပြုကြပါရန်နှင့် အဆိုပါ တံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်း တုပခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်သူ -**
**ဦးကျော်ဆန်းလွင်(ဘ)**
**ဦးတေလေ**
**(၉/အမရ(နိုင်)၀၀၈၇၆၁)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၆၀၈/ ၂၁-၁၂-၂၀၂၁)**
**အကွက်(၃၉၃)၊ ခန္ဓကုန်းရပ်၊ ၄၁လမ်း၊**
**သံလျက်မော်အနောက်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၅၆၅၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၆၃/ကျောက်အိုးတောင်)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ (၃ ဒသမ ၉၅)ဧက အကျယ်အဝန်းရှိ ဦးနိုင်ဝင်း ပုံစံ(၇)အမည်ပေါက် ယာမြေကွက်အား ပုံစံ(၇)အမည်ပေါက်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးနိုင်ဝင်း(ဘ)ဦးစောညွန့်(၉/ပသက(နိုင်)၀၂၅၂၂၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးကျော်မြင့်(ခ)ဦးဖိုးကျော် (LL.B)**
**ဒေါ်ဝင်းဝင်းနိုင် (LL.B) ဒေါ်လွင်လွင်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၉၀၁)၊ ချမ်း/မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၈၀၀၁၄၊ ၀၉-၄၂၃၄၂၉၉၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၆၃/ရွှေစာရံ)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ (၂ ဒသမ ၁၉)ဧက အကျယ်အဝန်းရှိ ယာမြေကွက်နှင့် ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ (၁ ဒသမ ၇၉)ဧက အကျယ်အဝန်းရှိ ဦးဌေးအောင် ပုံစံ(၇)အမည်ပေါက် ယာမြေကွက်များအား ပုံစံ(၇)အမည်ပေါက် ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးဌေးအောင်(ဘ)ဦးထွေးခင်(၉/ပသက(နိုင်)၀၃၃၆၄၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးကျော်မြင့်(ခ)ဦးဖိုးကျော် (LL.B)**
**ဒေါ်ဝင်းဝင်းနိုင် (LL.B) ဒေါ်လွင်လွင်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၉၀၁)၊ ချမ်း/မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၈၀၀၁၄၊ ၀၉-၄၂၃၄၂၉၉၄၃**

## တံဆိပ်အမည်အမှတ်အသား အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်(ညည-၂၃)နေ ဦးရန်နိုင်ထွန်း(ဘ)ဦးချို(၉/ပကခ(နိုင်)၀၀၆၅၇၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။




RD (၁၆၀၅ / ၂၀၁၅)

အထက်ဖော်ပြပါ **ရာဇာထွန်း** အမည်တံဆိပ်အမှတ်အသားဖြင့် **R.O သောက်ရေသန့်**ကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေမှ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ တံဆိပ်အမည်အမှတ်အသားကို ဘာသာစကားအမျိုးမျိုးတို့ဖြင့် အသုံးပြုကာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲခြင်းများမပြုကြပါရန်နှင့် အဆိုပါ တံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်း တုပခြင်းများမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်သူ -**
**ဦးရန်နိုင်ထွန်း(ဘ)ဦးချို**
**(၉/ပကခ(နိုင်)၀၀၆၅၇၄)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၆၀၈/ ၂၁-၁၂-၂၀၂၁)**
**အကွက်(၃၉၃)၊ ခန္ဓကုန်းရပ်၊ ၄၁လမ်း၊ သံလျက်မော်အနောက်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၅၆၅၈၀**

## တံဆိပ်အမည်အမှတ်အသား အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၀(အေ)လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားနေ ဦးဗိုလ်နေစိုး(ဘ)ဦးသန်းအောင်(၉/စကတ(နိုင်)၀၆၃၈၅၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။




RD (၂၅၁၉ / ၂၀၂၅)

အထက်ဖော်ပြပါ **BNS** အမည်တံဆိပ်အမှတ်အသားဖြင့် **သောက်ရေသန့်**ကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေမှ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ တံဆိပ်အမည်အမှတ်အသားကို ဘာသာစကားအမျိုးမျိုးတို့ဖြင့် အသုံးပြုကာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲခြင်းများမပြုကြပါရန်နှင့် အဆိုပါ တံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်း တုပခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်သူ -**
**ဦးဗိုလ်နေစိုး(ဘ)ဦးသန်းအောင်**
**(၉/စကတ(နိုင်)၀၆၃၈၅၄)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၆၀၈/ ၂၁-၁၂-၂၀၂၁)**
**အကွက်(၃၉၃)၊ ခန္ဓကုန်းရပ်၊ ၄၁လမ်း၊ သံလျက်မော်အနောက်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၅၆၅၈၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်၊ အကွက်(၅၃၆)နေ ဦးဝင်းမော်(၉/မရမ(နိုင်)၀၂၃၂၃၃)နှင့် ဒေါ်ငြိမ်းသူ(၉/မရတ(နိုင်)၁၀၂၄၀၂)တို့၏ သမီးဖြစ်သူ မထားအိခင်(၉/မဟမ(နိုင်)၀၂၂၅၇၆)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမော်+ဒေါ်ငြိမ်းသူ**

❖ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုး ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်မည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်...

❖ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ငွေကြေးနှင့်လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန် - မန္တလေး အမြန်လမ်းရှိ လမ်း၊ တံတားများ ပြုပြင်နေမှုနှင့် ဒုဋ္ဌဝတီတံတား အသစ်ပြန်လည်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် ရန်ကုန် - မန္တလေး အမြန်လမ်း (နေပြည်တော်-မန္တလေးလမ်းပိုင်း)တွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်း(နေပြည်တော်-မန္တလေးလမ်းပိုင်း) မိုင်တိုင်အမှတ် (၃၄၆/၀)ရှိ အရှည်ပေ ၁၈၀ သမင်လွှဲ ရိုးချောင်းတံတားသို့ ရောက်ရှိကြပြီး မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကတ္တရာကွန်ကရစ် (AC)ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၃၆၀/၀)ရှိ မြစ်ဆွတ်ချောင်းတံတားသို့ ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာက မန္တလေးငလျင်ကြီးကြောင့် မြစ်ဆွတ်ချောင်းတံတား အရှည်ပေ ၆၀၀ ပျက်စီးခဲ့မှု၊ ယာဉ်သွားလာမှု မပြတ်တောက်စေရေး အပြန်လမ်းဘက်ရှိ တံတားတွင် ငြမ်းထောက်ခြင်းဖြင့် အားဖြည့်၍ ယာယီဘေလီတံတားထိုးပြီး ယာဉ်များသွားလာနိုင်ရေး စီစဉ်ပေးထားမှု၊ တံတားနှစ်စင်းလုံး၏ တိုင်များကို ကွန်ကရစ်အားဖြည့်ခြင်း (Retrofit Strengthening) ပြုလုပ်၍ အကြီးစားပြင်ဆင်နေမှုနှင့် ချဉ်းကပ်လမ်းများ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထုတ်ပြန်ထားသည့် SOP အတိုင်း လိုက်နာဆောင်ရွက်ရန်၊ ရေရှည်ခိုင်ခံ့စေရေး အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်ထားသည့် ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး ပင်မတံတားနှင့် တံတားတိုင်များ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၃၅၈/၁)ရှိ ဒုဋ္ဌဝတီတံတားနေရာသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အရှည်ပေ ၇၀၀ ဒုဋ္ဌဝတီတံတားဟောင်းအနီး တံတားအသစ်ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မူလဒုဋ္ဌဝတီတံတား ပျက်စီးမှု၊ တံတားအသစ်တည်ဆောက်ရန် အကြံပြုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသစ်တည်ဆောက်မည့် တံတားဆိုင်ရာ အချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဒုဋ္ဌဝတီတံတားသည် ရန်ကုန် - မန္တလေး အမြန်လမ်းတွင် အရေးပါသောတံတားဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီး၍ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်နေသဖြင့် ခရီးသွားပြည်သူများ တံတားဦး-ပလိပ်လမ်းမှတစ်ဆင့် ပတ်၍ မန္တလေးမြို့သို့ သွားလာနေရသောကြောင့် အသွား/အပြန် တံတားနှစ်စင်းရှိသည့်အနက် တံတားတစ်စင်းကို ဆောလျင်စွာ ပြီးစီးအောင် ဆောင်ရွက်၍ လမ်းပန်းဆက်သွယ်မှု ရရှိအောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ကုန် - မန္တလေး အမြန်လမ်းသည် အရေးပါသော လမ်းတစ်လမ်းဖြစ်သည့်အတွက် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကို အပိုင်းလိုက် လုပ်ငန်းများပြီးစီးစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုဋ္ဌဝတီတံတား အဟောင်းသည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဒဏ်ကြောင့် အသွား/အပြန် တံတားနှစ်စင်းလုံး ပြိုကျပျက်စီးခဲ့သဖြင့် ဒုဋ္ဌဝတီတံတားကြီးအား အသစ်ပြန်လည်တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်စေရန် ERADI QUAKE Bearing နည်းပညာများ ထည့်သွင်းအသုံးပြုထားပြီး မြန်မာနိုင်ငံ၏ ငလျင်ဒဏ်ခံနည်းပညာအသုံးပြုထားသော တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒုဋ္ဌဝတီတံတားနှင့် မန္တလေးတံခွန်တိုင် အပိုင်းကြားရှိ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၃) မှ (၃၆၁/၃)ကြားရှိ ကွန်ကရစ်လမ်းများ ပျက်စီးခဲ့ခြင်းကို ပြန်လည်ပြုပြင်ပြီးစီး၍ ကတ္တရာကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းဘေး ဝဲ/ယာ မြေသားအမာခံရရှိရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ခြောက်ရက်တိုင်တိုင် ကျင်းပသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရှိ ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ခြောက်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ သိရသည်။



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာန ပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမ ပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့ ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြပွဲလာ ပြည်သူများအတွက် ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ နိုင်ငံကျော်အဆိုတော်များ၊ တိုင်းရင်းသားရိုးရာအကများ၏ ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်သည့်အပြင် ပျော်ပွဲရွှင်ပွဲများလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ယခုအခါ ကျင်းပရေးဗဟိုကော်မတီက ဦးဆောင်ပြီး လုပ်ငန်းကော်မတီ ၁၁ ခုတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များကို စနစ်တကျ အချိန်မီပြီးစီးရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ